# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

# ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

**[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၂။]**

**၁၃၂၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်။**

**(၁၉၆၃ ခုနှစ်၊ စက်တဘာလ ၂၆ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ** ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ တွင်စတင်အာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင် ဖော်ပြရာပါတာဝန်ခံ အသီးသီးသည်၊ မိမိနှင့် ယှဉ်တွဲဖော်ထားသော ဘဏ္ဍာတော် ငွေများမှ၊ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ် တွဲဖော်ပြထား သောဇယားတွင် ဖော်ပြထားသည့်အတိုင်း ထုတ်၍၊ ၁၉၆၄ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံး သည့်ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာတော်ငွေ အမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲဇယား |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | ပြည်ထောင်စု၏ ဘဏ္ဍာတော်ငွေများ။ | ၁,၉၉,၅၄,၃၀,၅၅၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ရှမ်းပြည်နယ်ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၂,၅၅,၇၃,၅၁၀ | နောက်ဆက်တွဲ ဇယား(ခ)။ |
| ၃ | ကချင်ပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၁,၆၁,၂၁,၆၀၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |

Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| ၄ | ကယားပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၃၁,၃၃,၇၃၀ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | ကရင်ပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၁,၀၁,၂၉,၈၃၀ | နောက်ဆက်တွဲ ဇယား(င)။ |
| ၆ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံ။ | အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာတော်ငွေများ။ | ၆,၆၄,၇၃,၃၀,၀၂၀ | နေက်ဆက်တွဲ ဇယား(စ)။ |

(၂) ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ် အတွင်းတွင် စုစုပေါင်းကျပ်ငွေ သုံးရာ့တဆယ် ကုဋေအထိရှိသောငွေ များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြား နည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆိုငွေချေးယူနိုင်သည့်ပြင်၊ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ မိမိသင့် သည်ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြား နည်းစီမံရန်စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ လည်းထုတ်ပေးနိုင်သည်။

(၃) ပြည်ထောင်စုမြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရဌာနအားလုံး၊ တော်လှန်ရေးအစိုးရလက် အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့်အခြား အဖွဲ့အစည်းများ၏ ရငွေအားလုံး ကို၊ ပြည်ထောင်စု၏ တစုတပေါင်း တည်းသော ငွေစာရင်းတွင်ထည့်သွင်း ရမည်။ တော်လှန်ရေးကောင်စီက အတည်ပြုထားသည့် ဇယားအသီးသီးတွင်ဖေါ်ပြထားသည့်အသုံး စရိတ်အားလုံးကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပြည်ထောင်စု၏ တစု တပေါင်းတည်း သောငွေစာရင်းမှ ထုတ်ယူသုံးစွဲနိုင်သည်။

(၄) ဤဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စု၏တစုတပေါင်းတည်း သောငွေစာရင်း တွင် ထည့်သွင်းရမည်။

(၅) ဤဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကို၎င်း၊ ထို အာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စု ၏တစုတပေါင်းတည်းသော ငွေစာရင်းမှ ထုတ်ပေးရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၂၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်။

(၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ၊

ဒု-ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က)။ ပြည်ထောင်စု၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။ ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား (ခ) ။ ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။ ခွဲဝေသုံးသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲဇယား (ဂ) ။ ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။ ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲဇယား (ဃ) ။ ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။ ခွဲဝေသုံးသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲဇယား (င) ။ ကရင်ပြည်နယ်၏ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။ ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲဇယား (စ) ။ အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ ၏ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။ ခွဲဝေသုံးစွဲသည့်ငွေ။

Myanmar Law Information System (MLIS)